{Briefing

ဥပဒေ

*အဓိကအသုံးအနှုန်းများ*
ဥပဒေ၊ ဥပဒေဆိုင်ရာနည်းလမ်းများ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၊ ရင်းနှီးမြှုပ်နှံမှု၊ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ

iied

ထုတ်ဝေသည့်ရက်စွဲ
ဇွန်လ ၂၀၁၄

## မူဝါဒရေးရာ ညွှန်ပြမှုများ

**IIT တစ်ခုကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်မည်လား၊** မဆောင်ရွက်ဘူးလား၊ ဆောင်ရွက်လျှင်လည်း မည်သို့ထည့်သွင်း ရေးသားဆောင်ရွက်မည်၊ မည်သူတို့ပါဝင်ဆွေးနွေးဆောင်ရွက်မည် စသည်တို့နှင့်ပတ်သက်၍ဆုံးဖြတ်ချက်များချမှတ်ဆောင်ရွက်ခြင်းသည် ထိရောက်သောမူဝါဒရေးရာအပေးအယူအလျှော့အတင်းပြုလုပ်စွန့်စားဆောင်ရွက်ရသည့် ကိစ္စရပ်ဖြစ်သည်။

**နိုင်ငံတကာကျင့်စဉ်များပေါ်ထွန်းလာခြင်းသည်** နိုင်ငံများ၏ 'မူဝါဒအခန်းကဏ္ဍ' ကို ထိန်းသိမ်းရင်း ရင်းနှီးမြှုပ်နှံမှုကို မည်သို့မြှင့်တင်ဆောင်ရွက်ရမည်ဆိုသည်နှင့်ပတ်သက်၍ ကူညီညွှန်ပြပေးပါသည်။ နိုင်ငံတကာအကောင်းဆုံးကျင့် စဉ်များသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများချမှတ်ဆောင်ရွက်ရာတွင် ပြည်သူ့ညှိနှိုင်းဆောင်ရွက်ပုံကို ညွှန်ပြပေးပါ သည်။

**IITsများ ညှိနှိုင်းဆွေးနွေးရာတွင်** သဘောတူစာချုပ်အမျိုးမျိုးတို့သည် တစ်ခုနှင့်တစ်ခု ပြဋ္ဌာန်းချက်များကို မည်သို့အကျိုးသက်ရောက်မှုရှိနိုင်သည်ဆိုသည်နှင့် ပြည်တွင်းနှင့်နိုင်ငံတကာဥပဒေတို့နှင့် မည်သို့ကျယ်ကျယ်ပြန့်ပြန့် ချိတ် ဆက်ဆောင်ရွက်မည်ဆိုသည်တို့ကိုထည့်သွင်းစဉ်းစားဆောင်ရွက်သည့် စနစ်ကျသောနည်းလမ်းတစ်ရပ်ဖြစ်ရန်လို အပ်ပါသည်။

**ဆွေးနွေးညှိနှိုင်းမှုစွမ်းရည်ပိုင်းတွင်** အဓိကကျသောကွာခြားချက်မှုများရှိသောကြောင့် ဝင်ငွေနိမ့်ကျသောတိုင်းပြည် များ၌ စွမ်းရည်ပံ့ပိုးမှုကဏ္ဍတွင် စဉ်ဆက်မပြတ်ရင်းနှီးမြှုပ်နှံမှု လိုအပ်ပါသည် – အစိုးရများအတွက် အချက်အလက်ပြည့်စုံစွာဖြင့် မူဝါဒရွေးချယ်မှုပြုလုပ်ရန်နှင့် ပိုမိုကောင်းမွန်သောညှိနှိုင်းဆွေးနွေးမှုပြုလုပ်နိုင်ရန်၊ လွှတ်တော်ကိုယ် စားလှယ်များနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်းအတွက် ထိရောက်သောစစ်ဆေးထိန်းကျောင်းမှုပြုလုပ်နိုင်ရန်၊ ပြည်တွင်းထုတ်လုပ်သူအဖွဲ့အစည်းများအတွက် အဆိုပြုထားသော IITsများမှ အကျိုးအမြတ် သို့မဟုတ် ဆုံးရှုံးနိုင်မှုတို့ ကို ချိန်ဆနိုင်ရေးတို့အတွက်ဖြစ်ပါသည်။

# ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး – အကျဉ်းချုပ်တင်ပြချက်

အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုစာချုပ် (IITs) ၃၀၀၀ ကျော်တို့မှာ အသက်ဝင်နေပြီးဖြစ်ပြီး၊ နောက်ထပ်စာချုပ်များကိုလည်း ဆွေးနွေးညှိနှိုင်းလျက်ရှိပါသည်။ IITs များနှင့်ပတ်သက်၍ သိရှိပြီးဆွေးနွေးမှုများမှာ အများအားဖြင့် ဥပဒေနှင့်ဆိုင်သော အသုံးအနှုန်းများဆိုင်ရာဆွေးနွေးဆောင်ရွက်ခြင်းဖြစ်ပြီး၊ အဆိုပါသဘောတူစာချုပ်များ၏ စကားလုံးအသုံးအနှုန်းသတ်မှတ်ခြင်းနှင့်လက်မှတ်ရေးထိုးခြင်းတို့မှာ မူဝါဒရေးရာရည်မှန်းချက်များကြား အရေးကြီးသော အပြန်အလှန်ဖလှယ် အပေးအယူပြုလုပ်ခြင်းလုပ်ငန်းဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်း၏အကျိုးဆက်များအနေဖြင့် ကုန်ကျစရိတ်များခြင်း (IIT တစ်ခုကိုချိုးဖောက်မှုအတွက် မှတ်တမ်းတင်ပေးချေမှုအဖြစ် ရင်းနှီးမြှုပ်နှံသူများသို့ အမေရိကန်ဒေါ်လာ ၁.၇ ဘီလီယံ ပေးချေခဲ့ရသည်)၊ ထိရောက်မှုရှိခြင်း (ကျန်းမာရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းစဉ်များအပါအဝင် ရင်းနှီးမြှုပ်နှံမှုမူဝါဒထက်ကျော်လွန်သည့်ကိစ္စရပ်များအပေါ်အကျိုးသက်ရောက်မှုရှိခြင်း)၊ ပြန်လည်နှုတ်ထွက်ရခက်ခဲခြင်း (သဘောတူစာချုပ်တစ်ခု သို့မဟုတ် ယင်း၏အကျိုးသက်ရောက်မှုများကိုရပ်စဲရန်စွမ်းရည်ကို ဆယ်စုနှစ်ပေါင်းများစွာကန့်သတ်ထားနိုင်ပါသည်)။ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ ညှိနှိုင်းဆွေးနွေးရန်စဉ်းစားကြသည့်တိုင်းပြည်များသည် အဆိုပါမူဝါဒရွေးချယ်မှုများနှင့်ပတ်သက်၍ အသေအချာကောင်းမွန်စွာ အပြန်အလှန်ဆွေးနွေးကြရန်နှင့် ပြည်သူဆွေးနွေးပွဲများဆောင်ရွက်ရန်လိုအပ်ပါသည်။ ယခု 'အကျဉ်းချုပ်တင်ပြချက်' သည် IITs နှင့် စဉ်ဆက်မပြတ်ဖွံ့ ဖြိုးတိုးတက်ရေးဆိုင်ရာ မြှင့်တင်ရေး ဆွေးနွေးပွဲ ၄ ခုအနက်မှ ပထမဦးဆုံးတစ်ခုဖြစ်သည်။

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ တရားဥပဒေ နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု

ဝင်ငွေနိမ့်ပါးသောတိုင်းပြည်များနှင့်ဝင်ငွေအလယ်အလတ်ရှိသောတိုင်းပြည်များစွာတို့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် ကြိုးပမ်းအားထုတ်မှုများ တိုးမြှင့်ဆောင်ရွက်နေကြပါသည်။ တစ်ချိန်တည်းတွင် အဆိုပါအားထုတ်ကြိုးပမ်း မှုများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသလား သို့မဟုတ် ထိခိုက်စေသလား ဆိုသည်တို့နှင့်ပတ်သက်၍ ၄င်းတို့၏စွမ်းရည်ကို အသေးစိတ်ဆန်းစစ်မှုများလည်း တိုးပွားလာနေပါသည်။

ကျယ်ကျယ်ပြန့်ပြန့်ပြောရလျှင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတွင် ပြည်သူတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအပြင် သဘာဝပတ်ဝန်းကျင်အားအလေးထားမှုလည်း ပါဝင်ပါသည်။ ဆိုလိုသည်မှာ မည်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်တွင်မဆို လူမှုရေး၊ သဘာဝပတ်ဝန်းကျင် နှင့် စီးပွားရေးဆိုင်ရာ ကဏ္ဍများကို ဂရုတစိုက်ဟန်ချက်ညီအောင်ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူများအား ၄င်းတို့၏လူမှု ဘဝများအား အကျိုးသက်ရောက်မှုရှိနိုင်သည့် ဆုံးဖြတ်ချက်များနှင့်လုပ်ငန်းစဉ်များအပေါ် ထိန်းချုပ်နိုင်အောင် စွမ်းရည်မြှင့်တင်ပေးခြင်း လည်း ပါဝင်ပါသည်။

စီးပွားရေးဆိုင်ရာတစ်ကမ္ဘာလုံးပေါင်းစပ်ယှက်နွယ်မှုဖြစ်စဉ်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုများစီးဆင်းဝင်ရောက်ခြင်းကို ထိန်းချုပ်သည့် ပြည်တွင်းနှင့်နိုင်ငံတကာဥပဒေများ ကျယ်ကျယ်ပြန့်ပြန့်တိုးတက်လာမှုများ တွဲဖက်ဖြစ်ပေါ်လာပါသည်။ အသုံးပြု၍ရနိုင်သောစည်းမျဉ်းဥပဒေများတွင် အပြည်ပြည်ဆိုင်ရာဥပဒေ၏စံနှုန်းများ၊ ရင်းနှီးမြှုပ်နှံမှုကိုလက်ခံသည့်တိုင်းပြည် ('အိမ်ရှင်နိုင်ငံ') သို့မဟုတ် အချို့သောကိစ္စရပ်များတွင် တတိယနိုင်ငံတစ်နိုင်ငံ ၏ ပြည်တွင်းဥပဒေ၊ နှင့် ရင်းနှီးမြှုပ်နှံသူ များ နှင့် အိမ်ရှင်နိုင်ငံတို့ကြားချုပ်ဆိုထားသော သဘောတူစာချုပ်များ ('ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်') ပါဝင်ပါသည်။ ဤဥပဒေနှင့်ညီညွတ်မှုရှိသော စာချုပ်စာတမ်းများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းကမ်းချက်များ၊ အခြေအနေ များ၊ ယင်း၏ကုန်ကျစရိတ်နှင့်အကျိုးအမြတ်များကို ခွဲဝေပုံများ၊ နှင့်အမြင့်ဆုံးအနေဖြင့် ယင်းက စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုကို မည်သို့ကောင်းစွာအထောက်အကူပြုသည် ဆိုသည်တို့အပေါ်တွင် လွှမ်းမိုးသက်ရောက်မှုရှိပါသည်။

အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ (IITs) များမှာ အလွှာပေါင်းစုံရှိ ဥပဒေဆိုင်ရာအခြေခံမှု ဘောင်များ၏ အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ထိန်းကျောင်းပေးသည့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ ဗဟိုမဏ္ဍိုင်လည်း ဖြစ်သည်။ အဆိုပါသဘောတူစာချုပ်များတွင် ပါဝင်သောအကြောင်းအရာများနှင့်ယင်းတို့ကိုဖော်ထုတ်ရာတွင်မည်သူတို့ပါဝင်ဆောင်ရွက်သည်ဆိုသည်တို့မှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိ ရောက်သောအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

## ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များဆိုင်ရာအသေး စိတ်အချက်အလက်များ

အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုဥပဒေသည် အပြည်ပြည်ဆိုင်ရာဥပဒေအစု အဝေးတစ်ရပ်ဖြစ်ပြီး၊ ယင်းက နိုင်ငံခြားရင်း နှီးမြှုပ်နှံမှုများကို မြှင့်တင်ပေးပါသည်။ ယင်းဥပဒေသည် အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်း ဥပဒေနှင့်အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအပေါ်တွင်အခြေခံထားပါသည်။ ဓလေ့ထုံးတမ်းဥပဒေကို *opinio juris* ဖြင့်တွဲဖက်လျက် နိုင်ငံတော်ကျင့်စဉ်ဖြင့် ဖန်တီးထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံများအနေဖြင့် ၎င်းတို့၏ ကျင့်စဉ်များသည် နိုင်ငံတကာ ဥပဒေဆိုင်ရာတာဝန်ဝတ္တရားကို ထင်ဟပ်ပေါ်လွင်စေသည်ဟု ယုံကြည်မှုပင်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များသည် ရင်းနှီးမြှုပ်နှံမှုဥပဒေစံနှုန်း အများစုဖြင့် ပေါင်းစပ်ဖွဲ့စည်း ထားခြင်းဖြစ်သည်။ IITs များကို နှစ်နိုင်ငံ သို့မဟုတ် ထို့ထက်ပိုသောနိုင်ငံများကြား ချုပ်ဆိုဆောင်ရွက်ကြပါသည်။ ယင်း စာချုပ်များသည် အဖွဲ့ဝင်နိုင်ငံတစ်ခု၏ နိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုများကို အခြားအဖွဲ့ဝင်နိုင်ငံ၏ နယ်မြေအတွင်း မည် သို့ခွင့်ပြုမည် (ရင်းနှီးမြှုပ်နှံမှုဖြေလျှော့မှုပေးခြင်းဆိုင်ရာ အကျဉ်းချုပ် တင်ပြချက် ကိုကြည့်ပါ။)ဆိုသည်နှင့် မည်သို့ အကာအကွယ်ပေးမည် (ရင်းနှီးမြှုပ်နှံမှုအကာအကွယ်ပေးခြင်းဆိုင်ရာ အကျဉ်းချုပ်တင်ပြချက်ကို ကြည့်ပါ။)ဆိုသည်တို့ နှင့်ပတ်သက်၍ တာဝန်များကို သတ်မှတ်ပြဋ္ဌာန်း ပေးခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများကြား ရင်းနှီးမြှုပ်နှံမှုစီးဆင်းသွားလာမှုကို မြှင့်တင်ပေးရန်ရည်ရွယ်ပါသည်။

ထို့အပြင် ဆက်ဆံမှုဆိုင်ရာကျယ်ပြန့်သောစံနှုန်းများသတ်မှတ်ပေးခြင်းဖြင့် IITs အများစုသည် ရင်းနှီးမြှုပ်နှံသူများအား အိမ်ရှင်နိုင်ငံနှင့်အငြင်းပွားမှုများနှင့် ပတ်သက်၍ နိုင်ငံတော်တရားရုံးများအစား အပြည်ပြည်ဆိုင်ရာခုံရုံးဖြန်ဖြေမှုသို့တင်ပြ ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပါသည်။ (ရင်းနှီးမြှုပ်နှံသူနှင့်နိုင်ငံကြားခုံရုံးဖြန်ဖြေမှု ဆိုင်ရာအကျဉ်းချုပ်တင်ပြချက် ကို ကြည့်ပါ။)။

လစ်ဘရယ်ဝါဒသစ် အတွေးအခေါ်များ လွှမ်းမိုးလာသောကြောင့် ၁၉၉၀ ပြည့်လွန်နှစ်များ အစောပိုင်းကာလမှစ၍ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ အရေအတွက်သည် သိသိသာသာတိုးတက်လာသည်။ သို့သော် အဆိုပါစာချုပ်များကို လက်မှတ်ရေးထိုးထားသည့် အစိုးရများ၏ အတိုင်းအတာအရေအတွက်သည် နိုင်ငံများကြား အတော်အတန်ပင်ကွာခြားမှု ရှိနေပါသည်။

IITs အများစုမှာ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များဖြစ်ပါသည်။ သို့သော် ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍတစ်ရပ်ပါ ရှိသည့် ဒေသဆိုင်ရာ သို့မဟုတ် နှစ်နိုင်ငံ ဦးစားပေးကုန်သွယ်မှုသဘောတူစာချုပ်များမှာ ပို၍ပို၍ အတွေ့ရများလာပါသည်။ အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုဥပဒေကို နှစ်နိုင်ငံနှင့်ဒေသဆိုင်ရာသဘောတူစာချုပ်များက လွှမ်းမိုးထားသော ကြောင့် ကွဲပြားခြားနားသော ရင်းနှီးမြှုပ်နှံမှုအမျိုးမျိုးတို့အား အသုံးပြုနိုင်သည့် ဥပဒေသည် အိမ်ရှင်နိုင်ငံနှင့်မိခင်နိုင်ငံတို့ အပေါ်တွင်မူတည်လျက် ကွဲပြားခြားနားမှုရှိနေပါသည်။

သို့သော် ခွဲခြားဆက်ဆံမှုကိုတားမြစ်သော သဘောတူစာချုပ်စံနှုန်းများ (အထူးသဖြင့် 'အထူးအခွင့်အရေးရရှိသောနိုင်ငံ' ဆိုင်ရာပြဋ္ဌာန်းချက်အရ နိုင်ငံများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုများအား အခြားနိုင်ငံများ ၏ နိုင်ငံသားများက ရင်းနှီးမြှုပ်နှံမှုများထက် မလျှော့သောဆက်ဆံမှုများပေးရန် လိုအပ်ကြောင်းပြဋ္ဌာန်းထားသည်) ဆိုလိုသည်မှာ သဘောတူစာချုပ်များသည် 'ယှဉ်ပြိုင်မှုနယ်ပယ်တွင်အခွင့်အရေး တန်းတူညီမျှမှုရှိရေး' အယူအဆကို မြှင့်တင် ပေးရေးကိုဦးတည်ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ သဘောတူစာချုပ်တစ်ခုအားဖြင့်ရရှိနိုင်သော မည်သည့်ဦးစားပေးဆက် ဆံမှုမျိုးကိုမဆို အခြားသော IITအရ အကျုံးဝင်သော ရင်းနှီးမြှုပ်နှံသူများက တောင်းဆိုနိုင်သည်ကို ဆိုလိုခြင်းဖြစ် သည်။

## IITsများသည်ရင်းနှီးမြှုပ်နှံမှုကို ကူညီမြှင့်တင်ပေးပါသလား။

အစိုးရများက ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များကို ညှိနှိုင်းဆွေးနွေး ရသည့်အကြောင်းအရင်းမှာ ရင်းနှီးမြှုပ်နှံမှုများ ကို မြှင့်တင်လိုသောကြောင့်ဖြစ်သည်။ သို့သော် ယင်းသို့ဆောင်ရွက်ခြင်းသည် အလုပ်ဖြစ်သလားဆိုသည်နှင့် ပတ်သက်သည့် လက်တွေ့ကျသောအထောက်အထားများမှာ ရောထွေးလျက်ရှိသည်။ အချို့သောစီးပွားရေးဆိုင်ရာကိန်းဂဏန်းများ လေ့လာမှုများအရ တိုင်းပြည်တစ်ခု၏ IITsများတွင် ပါဝင်ချုပ်ဆိုဆောင်ရွက်မှု နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏများ ကြားတွင် စာရင်းဇယားများဆိုင်ရာ အပြန်အလှန်ဆက်စပ်မှုတွေ့ရှိရသော်လည်း၊ အခြားသောလေ့လာမှုများအရ ဤကဲ့သို့ သောဆက်စပ်မှုအထောက်အထားများ မတွေ့ရှိရပါ။[၁] ထူးခြားသော သဘောတရားဆိုင်ရာနှင့်နည်းစနစ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုများက ဤလေ့လာမှုအမျိုးအစားများကို အကျိုးသက်ရောက်မှုရှိပါသည်။

သတင်းအချက်အလက်အပြည့်အစုံရရှိမှုရှိသော ရင်းနှီးမြှုပ်နှံသူများက IITsကို ဥပမာအားဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပုံဖော် ဆောင်ရွက်ရာတွင်ထည့်သွင်းစဉ်းစား ကြကြောင်းအရည်အသွေးဆိုင်ရာအထောက်အထားများရရှိပါသည်။ အမှန်တကယ် တွင် ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်သည် လက်ခံသောအိမ်ရှင်နိုင်ငံနှင့် ခိုင်မာသော IITတစ်ရပ်လက်မှတ်ရေးထိုးထားသည့် နိုင်ငံတစ်ခုမှတစ်ဆင့် ၎င်းတို့ရင်းနှီးမြှုပ်နှံမှုစီးဆင်းရာလမ်းကြောင်းရွေးချယ်ရာ တွင် မည်သို့ပါဝင်ပတ်သက်မှုရှိနိုင်ကြောင်းကို သဘောတူစာချုပ်ဆိုင်ရာအငြင်း ပွားမှုဖြေရှင်းပေးသည့်အပြည်ပြည်ဆိုင်ရာခုံရုံး ဖြန်ဖြေမှုများက ဖော်ပြနေပါသည်။

သို့သော် အမေရိကန်ထိပ်တန်းကုမ္ပဏီများမှ အထွေထွေအကြံပေးအဖွဲ့များအား လေ့လာမှုတစ်ခုအရ များစွာသောအကြံ ပေးအဖွဲ့များသည် IITsများနှင့် ရင်းနှီး ကျွမ်းဝင်မှုနည်းပါးကြကြောင်း သို့မဟုတ် IITsများကပေးသည့် ဥပဒေဆိုင်ရာ အကာအကွယ်များသည် ကြီးမားသော ကွာခြားမှုကိုဖြစ်ပေါ်စေသည်ကို မတွေးမိခဲ့ကြကြောင်း တွေ့ရှိရပါသည်။[၂] ယဉ်ကျေးမှုနောက်ခံအမျိုးမျိုးရှိကြ သောရင်းနှီးမြှုပ်နှံကြသူများနှင့်အတိုင်းအတာအမျိုးမျိုးဖြင့်ဆောင်ရွက်နေကြသော ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ဆောင်ရွက်နေကြသူများသည် ဥပဒေဆိုင်ရာအကာအကွယ်ပေးမှု၏ အရေးပါမှုကို အမျိုးမျိုးသောအတိုင်း အတာများဖြင့် သတ်မှတ်ယူဆနေကြကြောင်း အချို့သောစာရေးဆရာများက ဖော်ပြကြပါသည်။[၃]

လက်ခံသည့်အိမ်ရှင်နိုင်ငံ၏ နိုင်ငံတော်ဥပဒဆိုင်ရာစနစ်သည်လည်း အရေးကြီးပါသည် – ထိရောက်မှုရှိသော နိုင်ငံ တော်စည်းမျဉ်းဥပဒေများသည် ရင်းနှီးမြှုပ်နှံသူများကို IITsများမရှိလျှင်တောင်မှ အာမခံချက်ပေးနိုင်ပါသည်။ အပြန်အလှန်အားဖြင့် IITsများချည်းသက်သက်ဖြင့် "ဆိုးရွားသောပြည်တွင်းရင်း နှီးမြှုပ်နှံမှုအခြေအနေကို ကောင်းမွန်သောအခြေ အနေအဖြစ်သို့ မပြောင်းလဲနိုင်ပါ။"[၄]

မည်သည်တို့ကနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုတွန်းအားပေးသည်ဆိုသည်နှင့်ပတ် သက်၍ရေးသားသောစာပေများစွာတို့တွင်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရာ၌စီးပွားရေးအခွင့်အလမ်းများ၏ အဓိကအရေးပါမှုကို အလေးထားဖော်ပြ ကြပါသည်။ ဥပမာအားဖြင့် လက်ခံသောအိမ်ရှင်နိုင်ငံရှိ အဖိုးတန်သောသဘာဝသယံဇာတများ သို့မဟုတ် ကုမ္ပဏီတစ်ခု အနေဖြင့် စီမံဖြည့်ဆည်းရောင်းပေးနိုင်သည့် ဆွဲဆောင်မှုရှိသောဈေးကွက်တစ်ခုကို အထောက်အကူပြုပေးနိုင်သည့် လူဦးရေရှိခြင်းတို့ဖြစ်သည်။ ထို့ကြောင့် IITsများသည် အခြားသောအဆုံးအဖြတ်ပေးသည့်အချက်များစွာတို့ထဲတွင် အကောင်းဆုံးအချက်တစ်ရပ်အဖြစ် တည်ရှိနေပါသည်။[၅] ဤအချက်များသည် မည်သည့် IITsတစ်စုံတစ်ခုကိုမှ လက်မှတ် ရေးထိုးအတည်ပြုထားခြင်းမရှိသော်လည်း ဘရာဇီးနိုင်ငံအနေဖြင့် အဘယ်ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ သိသိ သာသာများပြားစွာရရှိနေသည်ဆိုသည့်အချက်ကို ရှင်းပြနိုင်ပါသည်။

## ကုန်ကျမှုများပြားခြင်း၊ ထိရောက်မှုရှိခြင်း နှင့် တာရှည်ခံခြင်း – IITsများသည် 'မူဝါဒရေးရာကဏ္ဍ' ကို မည်သို့ကန့်သတ် ထိန်းချုပ်နိုင်ပုံအကြောင်း

အခြားတစ်ဖက်တွင် IITsများသည် လက်မှတ်ရေးထိုးထားသောနိုင်ငံများအတွက် မူဝါဒရေးရာကဏ္ဍအပိုင်းကို ကန့်သတ် ထိန်းချုပ်နိုင်ကြောင်း ပိုမိုသိသာထင်ရှားလာပါသည်။ ကျယ်ကျယ်ပြန့်ပြန့်ပြောရလျှင် 'မူဝါဒရေးရာကဏ္ဍ' ဆိုသည်မှာ တိုင်းပြည်တစ်ခု၏ ဒေသဆိုင်ရာအခြေအနေများ နှင့်လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်မူဝါများ တွက်ချက်ချမှတ် ဆောင်ရွက်နိုင်သည့် စွမ်းရည်ကို ရည်ညွှန်းခြင်းဖြစ်သည်။[၆] တိုင်းပြည်တစ်ခုအနေဖြင့် IITsများအပြင် နိုင်ငံတကာ တာဝန်ဝတ္တရားများ ဥပမာ လူ့အခွင့်အရေးဆိုင်ရာ သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက် ခြင်းဆိုင်ရာတာဝန်ဝတ္တရားများကိုလေးစားလိုက်နာရေးအတွက် ရရှိနိုင်သောမူဝါဒရေး ရာရွေးချယ်စရာနည်းလမ်းများကိုလည်း ရည် ညွှန်းပါသည်။

အပြည်ပြည်ဆိုင်ရာစီးပွားရေးသဘောတူစာချုပ်များအားလုံးတို့သည် အမျိုးသားမူဝါဒရေးရာကဏ္ဍကို ကန့်သတ် ထိန်းချုပ်ပါသည် – အစိုးရများအနေဖြင့် အချို့သောလုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီအကောင် အထည်ဖော်ဆောင်ရွက်ရန် လို အပ်နိုင်ပြီး၊ အချို့သောလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုမှု မရရှိနိုင်သည်များ လည်း ဖြစ်နိုင်ပါသည်။ IITsများသည်လည်း ကွဲပြားခြားနားမှုမရှိပါ။ ၎င်းတို့ထဲတွင်ထည့်သွင်းရေး သားထားသည့်အသုံးအနှုန်းပေါ်မူတည်၍ ပြည် သူ့ရေးရာမူဝါအတွက် ထိရောက်မှုရှိသော တုံ့ပြန်အကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။

IITကတိကဝတ်များကို အလေးထား၍အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်သည်။ အကြောင်းရင်းမှာ ၎င်းတို့ ကို ထိရောက်သောဖြေရှင်းဆောင်ရွက်မှု များက ထောက်ခံမှုပေးထားသောကြောင့်ဖြစ်သည်။ အကယ်၍နိုင်ငံတစ်ခုအနေ ဖြင့် IITတစ်ခုကို ချိုးဖောက်ရာရောက်သည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ပါက

ထိခိုက်ခံစားရသော ရင်းနှီးမြှုပ်နှံသူများ က အဆိုပါနိုင်ငံကို အပြည်ပြည် ဆိုင်ရာဖြန်ဖြေရေးခုံရုံး၌ တရားစွဲဆိုနိုင်သောကြောင့်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူက အနိုင် ရရှိလျှင် ခုံရုံးက အများအားဖြင့် အစိုးရအား လျော်ကြေးပေးစေရန် အမိန့်ချမှတ်လေ့ရှိပါသည်။ ယင်းသို့ဆောင်ရွက်ခြင်း တွင် အရေးပါသော တာဝန်ယူဆောင်ရွက်ခြင်းများ ပါဝင်နိုင်ပါသည်။ အမြင့်ဆုံးရလဒ်မှာ အမေရိကန်ဒေါ်လာ ၁.၇ ဘီ လီယံဖြစ်သည်။ အစိုးရတစ်ရပ်အနေဖြင့် အနိုင်ရရှိလျှင်တောင်မှ များစွာသော ၎င်း၏ကိုယ်ပိုင် တရားရေးဆိုင်ရာကုန်ကျစရိတ်များကို ကျခံရမည်ဖြစ်သည်။ ထိရောက်မှုရှိသောအကောင်အထည်ဖော်မှု ယန္တရားများက ရင်းနှီးမြှုပ်နှံသူများအား ၎င်းတို့၏ငွေကြေးများကို ရရှိအောင် အထောက်အကူပြုပါသည် (ရင်းနှီးမြှုပ်နှံသူနှင့်နိုင်ငံတော် ခုံရုံးဖြင့်တရားစီရင်ဖြန်ဖြေမှုတွင်ဆွေးနွေးတင်ပြထားပါသည်)။

မကြာသေးမီနှစ်များအတွင်း ခုံသမာဓိဖြန်ဖြေမှုအတွက်အရင်းအမြစ်သည် လျှင်မြန်စွာတိုးတက်ဖြစ်ပေါ်လာပါသည် – ၂၀၁၃ ခုနှစ်အစပိုင်းတွင်ဖြစ်ပေါ်ခဲ့သော အမှုကိစ္စများသည် ၂၀၀၀ ခုနှစ်အဆင့်အထက် အနည်းဆုံး ၁၀ ဆ မြင့်တက်လာခဲ့ပါသည်။[၇] ဤခုံသမာဓိဖြန်ဖြေမှုများဖြင့် ရင်းနှီးမြှုပ်နှံသူများသည် ဖြစ်ပေါ်လာသောဆုံးရှုံးမှုများအတွက်လျော်ကြေး ကြိုးပမ်းကြသည်။ အကြောင်းအရင်းမှာ ပြည်သူ့အခွန်ဘဏ္ဍာများ တိုးတက်လာစေရန်အစိုးရ၏ လုပ်ဆောင်မှုအပါအဝင် များပြားလှသောပြည်သူ့မူဝါဒလုပ်ငန်းစဉ်များက စွမ်းဆောင်ရည်ဆိုင်ရာလိုအပ်ချက်များကိုချမှတ်ဆောင်ရွက်ခြင်း၊ သမိုင်းကြောင်းတလျောက် မတရားမမျှတမှုများကို ဖြေရှင်းခြင်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသို့မဟုတ်ပြည်သူ့ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုများလုပ်ဆောင်ခြင်း တို့ကြောင့်ဖြစ်သည်။ တောင်းဆိုမှုများက ဆေးလိပ်သောက်ခြင်းကို တားဆီးပေးရန် ရည်ရွယ်သည့် ဥပအေပါအဝင် ‘ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒ’ ပြင်ပမှဖြစ်သော မူဝါဒလုပ်ငန်းများအား စိန်ခေါ်မှုပြုလုပ်လာပါသည်။ ထို့ပြင် ၎င်းတို့သည် ဥပမာ နိုင်ငံတော်တရားရုံးများက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များနှင့်ပတ်သက်သည့်ဒေသန္တရဆိုင်ရာတိုင်ကြားစာများကို ဖြေရှင်းပေးရန် လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးခြင်းမျိုး ကဲ့သို့သော အစိုးရ၏တိုက်ရိုက်ထိန်းချုပ်မှုပြင်ပတွင်ရှိသောလုပ်ငန်းများကို စိန်ခေါ်မှုပြုလုပ်လာပါသည်။

ပြည်သူ့ဘဏ္ဍာငွေကြေးများ အကန့်အသတ်ဖြင့်သာရှိသော တိုင်းပြည်များအတွက် ကြီးမားသောလျော်ကြေးတောင်းဆိုမှု ကြောင့် ရင်းနှီးမြှုပ်နှံမှုများကို ထိခိုက်စေသည့် ပြည်သူ့အကျိုးစီးပွားကို ဆောင်ရွက်ရန် ပိုမို၍ခက်ခဲစေပါသည်။ တစ်ခြားနည်းအားဖြင့်ဖော်ပြရလျှင် IITတစ်ခုချုပ်ဆိုဆောင်ရွက်ခြင်းသည် ကျယ်ပြန့်သောမူဝါရေးရာကဏ္ဍများရွေးချယ် ဆောင်ရွက်နိုင်မှုကို အကန့်အသတ်ဖြစ်စေပြီး၊ သဘောတူစာချုပ်ကိုဆွေးနွေးသောအချိန်တွင် ကြိုတင်သိမြင်နိုင်ရန်ခက်ခဲ သည့် အခြေအနေများလည်း ရှိပါသည်။

အနာဂတ်ပြည်သူ့ရေးရာမူဝါအပေါ်တွင်ကန့်သတ်ချက်များနှင့်ပတ်သက်၍စိုးရိမ်ပူပန်မှုများသည်ဆီလျော်မှုရှိပါသည်၊ အဘယ်ကြောင့်ဆိုသော် တိုင်းပြည်တစ်ခုသည် IITတစ်ခုကို ချုပ်ဆိုဆောင်ရွက်လိုက်လျှင် ယင်းစာချုပ်ထဲမှ ပြန်လည် နှုတ်ထွက်ရန် ခက်ခဲနိုင်ပါသည်။ IITsများကို နှစ်နိုင်ငံ (သို့မဟုတ် ထို့ထက်ပိုသောနိုင်ငံများ) တို့ကြားတွင် သဘောတူ ညီချက်ဖြင့်သာ ရပ်စဲနိုင်ပါသည်။ သို့သော် စာချုပ်ပါပြဋ္ဌာန်းချက်များသည် အများအားဖြင့် နိုင်ငံများက တစ်ဦးတည်းသ ဘောထားဖြင့် စာချုပ်များကို ရပ်စဲနိုင်သည့်စွမ်းရည်ကို တားမြစ်ထားသည် သို့မဟုတ် (နှစ်နိုင်ငံထက်ပိုမိုပါဝင်သော စာချုပ်များအတွက်) အဆိုပါစာချုပ်များထဲမှ နှုတ်ထွက်ခြင်းကို ထားမြစ်ပိတ်ပင်ထားပါသည်။

စာချုပ်ချုပ်ဆိုဆောင်ရွက်သည့်ကိစ္စရပ်များစွာတို့တွင် အဆိုပါပြဋ္ဌာန်းချက်များစွာတို့က ချုပ်ဆိုထားသည့်စာချုပ်ကို ၁၀ နှစ် သို့မဟုတ် နှစ် ၂၀ ကြာမှပင် ရပ်စဲ၍ရနိုင်မည်ဖြစ်ကြောင်း ပြဋ္ဌာန်ထားကြပါသည်။ စာချုပ်တစ်ခု ရပ်စဲသွားပြန် လျှင်လည်း ၎င်းစာချုပ်ကို နောက်ထပ် ၁၀ နှစ် သို့မဟုတ် နှစ် ၂၀ ကြာသည့်အထိတိုင် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက် ၍ ဆက်လက်ကျင့်သုံး၍လည်းရနိုင်ကြောင်း အဆိုပါပြဋ္ဌာန်းချက်များက ပြဋ္ဌာန်းပေးထားပါသည်။ တစ်နည်းအားဖြင့် တင်ပြရလျှင် မူဝါရေးရာကဏ္ဍနှင့်ပတ်သက်၍ ကန့်သတ်ချက်များမှာ အလွန်ပင် ကာလကြာရှည်နိုင်ပါသည်။

IITsများသည် မူဝါဒရွေးချယ်ဆောင်ရွက်မှုအပေါ်တွင် ဤနည်းအားဖြင့် အကျိုးသက်ရောက်နိုင်သောကြောင့် IITsများအားညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းတွင် တစ်ဖက်၌ စည်းနှောင်မှုရှိသောကတိကဝတ်များအဖြစ်အသက်ဝင်ရေးနှင့် အခြားတစ်ဖက်တွင်လည်း မူဝါရေးရာကဏ္ဍအား ထိန်းသိမ်းထားရေး တို့ကြား သိမ်မွေ့သောညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းစဉ် တစ်ရပ်ပါဝင်ပါသည်။ IITတစ်ခု ပြုလုပ်မည် မပြုလုပ်မည်ဆိုသည်နှင့် ယင်းနှင့်ပတ်သက်၍ မည်သို့ရေးသားဆောင် ရွက်မည်ဆိုသည်တို့နှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်များသည် အချက်အလက်ပြည့်ပြည့်စုံစုံနှင့်စဉ်းစားဆွေးနွေးမှုအပေါ် အခြေခံရေးဆိုသည့်အချက်သည် အရေးကြီးပါသည်။

## IITsများ၏ မျိုးဆက်သစ် တစ်ခုဆီသို့

ရင်းနှီးမြှုပ်နှံသူနှင့်နိုင်ငံတော်ကြား ခုံသမာဓိဖြန်ဖြေမှုပေါ်ပေါက်လာခြင်းသည် IITsများတွင် မူဝါရေးရာအပြန်အလှန် ညှိနှိုင်းဆောင်ရွက်မှုကို အလေးထားဖော်ပြနေခြင်းဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများ၏ အမြင်သဘောထားများဘက်မှ အမြဲလို လိုက်ပါဆောင်ရွက်ပေးတတ်သည့် ဝင်ငွေမြင့်မားသည့်နိုင်ငံအချို့သည် ယနေ့အချိန်တွင် ၎င်းတို့၏ကိုယ်ပိုင် လုပ်ဆောင်ချက်များကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက စိန်ခေါ်မှုနှင့်တွေ့ကြုံလာကြရပြီး – IITsများနှင့်ပတ်သက်၍ ၎င်းတို့၏ လုပ်ဆောင်မှုနည်းလမ်းများကို ပြန်လည်သုံးသပ်မှုများအား စတင်လုပ်ဆောင်လာကြပြီဖြစ်ပါသည်။ အချို့သော ဝင်ငွေနိမ့်ကျသော တိုင်းပြည်များနှင့် ဝင်ငွေအလယ်အလတ်ရှိသော တိုင်းပြည်များသည် IITများကို ရပ်စဲခြင်း၊ ရင်းနှီး မြှုပ်နှံသူနှင့်နိုင်ငံတော်ကြား ခုံသမာဓိဖြန်ဖြေမှုဆိုင်ရာ နိုင်ငံစုံကွန်ဗင်းရှင်းများမှ နှုတ်ထွက်ခြင်း သို့မဟုတ် ၎င်းတို့ကိုယ် ပိုင်သဘောတူစာချုပ်များ ရေးဆွဲဆောင်ရွက်ခြင်း စသည်နည်းလမ်းများဖြင့် IITsကိစ္စရပ်များတွင် ပိုမို၍ပွင့်ပွင့်လင်းလင်း ပြောဆိုဆောင်ရွက်လာကြပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းမှအသေးစိတ်စစ်ဆေးဆောင်ရွက်မှုတို့သည်လည်းတွန်း အားပေးသည့်ပြောင်းလဲမှုတစ်ရပ်အဖြစ်ပေါ်ထွက်လာပါသည်။

အကျိုးဆက်တစ်ရပ်အနေဖြင့် IITsများ၏ ‘မျိုးဆက်သစ်တခု’ ပေါ်ထွက်လာနေပြီဖြစ်ပြီး၊ ယင်းက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကာအကွယ်ပေးခြင်းကိစ္စရပ်အား လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များအပါအဝင် အခြားသောမူဝါရေးရာကိစ္စရပ်များနှင့် ဟန်ချက်ညီအောင်ကြိုးပမ်းဆောင်ရွက်သလို၊ ရင်းနှီးမြှုပ်နှံသူနှင့်နိုင်ငံတော်ကြားခုံသမာဓိဖြန်ဖြေမှုတွင် ပို မို ပွင့်လင်းမြင်သာမှုရှိခြင်းကိုလည်းမြှင့်တင်ဆောင်ရွက်ပေးပါသည်။ စာချုပ်တစ်ခုတည်းဖြင့် ကဏ္ဍများအားလုံးအား ဖြေ ရှင်းဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါ။ သို့သော် ကွဲပြားခြားနားသောစာချုပ်များတွင် ပါဝင်သော အသေးစိပ်ပြဋ္ဌာန်းချက် များမှ အသုံးဝင်သောသင်ခန်းစာများ ရယူနိုင်ပါသည်။

ကနေဒါနိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုတို့က ရေးသားဖော်ထုတ်ထားသည့် စံနမူနာသဘောတူစာချုပ်များနှင့် အဆိုပါစံနမူနာ IITsများအပေါ်တွင်အခြေခံ လျက်ချုပ်ဆိုထားသည့် နှစ်နိုင်ငံအပြန်အလှန်သဘောတူစာချုပ်အချို့တို့တွင်ပါဝင်သည့် ပြန်ဋ္ဌာန်းချက်အချို့ကို အထက်ဖော်ပြပါဖြစ်ပေါ်နေသော လမ်းကြောင်း၏ နမူနာများအဖြစ် မကြာခဏကိုးကား ဖော်ပြကြပါသည်။ တောင်အာဖရိကဖွံ့ဖြိုးရေးအဖွဲ့အစည်းက ရေးဆွဲဖော်ထုတ်ထားသည့် နမူနာစံပြရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်သည်လည်း နမူနာကောင်းတစ်ခုဖြစ်ပါသည်။[၈] ထို့ပြင် ကုလသမဂ္ဂအဖွဲ့က ရေးဆွဲထားသည့် ‘စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါအခြေခံမူဘောင်’ အပါအဝင် ကဏ္ဍစုံမူဝါရည်မှန်းချက်များ ကိုမည်သို့ထင်ဟပ်ပေါ်လွင်စေရေးနှင့်ပတ်သက်သည့် နိုင်ငံတကာလမ်းညွှန်မှုလည်း တိုးပွားလာလျှက်ရှိနေပါသည်။[၉]

ဖြစ်ပေါ်နေသောပြောင်းလဲမှုများတွင် IITsများတွင်ပါဝင်သောပြဋ္ဌာန်းချက်များသာမက၊ ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ် တွင်လည်း အရေးပါသောဖြစ်ပေါ်တိုးတက်မှုများ ဖော်ပြနေပါသည်။ အချို့သောအစိုးရများက ၎င်းတို့၏စံပြ IITsများ ကိုကူညီရေးဆွဲပေးစေရန်၊ သို့မဟုတ် IITsများ တစ်ခုချင်းစီအလိုက် ညှိနှိုင်းဆွေးနွေးမှုများအတွင်းသို့ အချက်အလက် များ ပေးအပ်စေရန် ပြည်သူ့ညှိနှိုင်းဆွေးနွေးပွဲများ စတင်ကျင်းပဆောင်ရွက်နေပြီဖြစ်ပါသည်။

နမူနာတစ်ခုအနေဖြင့် နော်ဝေနိုင်ငံတွင် ၂၀၀၇–၀၈ ခုနှစ်၌ စံပြနမူနာ IITတစ်ခု ရေးဆွဲရေးနှင့်ပတ်သက်သည့် ပြည်သူ့ ညှိနှိုင်းဆွေးနွေးမှုသည် အစိုးရက စီမံကိန်းအား ရွှေ့ဆိုင်းမှုကို ဖြစ်ပေါ်စေပါသည်။ အကြာသေးမီက အဆိုပြုထားသော အမေရိကန်နိုင်ငံနှင့် အတ္တလန်တိတ်ဖြတ်ကျော်ကုန်သွယ်ရေးနှင့်ရင်း နှီးမြှုပ်နှံမှုမိတ်ဖက်သဘောတူညီချက်အတွက် တင်ပြ ထားသည့် ရင်းနှီးမြှုပ်နှံသူနှင့်နိုင်ငံတော်ကြား ခုံသမာဓိဖြန်ဖြေမှုဆိုင်ရာပြဋ္ဌာန်းချက်တစ်ခုနှင့်ပတ်သက်၍ ပြည်သူတို့၏စိုး ရိမ်ပူပန်မှုပေါ်ထွက်လာပြီးနောက်ပိုင်း ဥရောပသမဂ္ဂက အဆိုပါစာချုပ်နှင့်ပတ်သက်သည့် ပြည်သူ့ညှိနှိုင်းဆွေးနွေးပွဲ တစ်ခုကို ကျင်းပပေးခဲ့ပါသည်။[၁၀]

တောင်အာဖရိကနိုင်ငံ၏အသားအရောင်ခွဲခြား ရေးနှင့်ပတ်သက်သည့်မူဝါဒဆိုင်ရာကိစ္စရပ်များ ကိုစိန်ခေါ်သည့် ရင်းနှီးမြှုပ်နှံသူနှင့်နိုင်ငံတော်ကြား ခုံရုံးဖွဲ့ဖြန်ဖြေမှုတစ်ရပ်ပေါ်ပေါက်လာပြီးနောက်ပိုင်း တောင်အာဖရိကအစိုးရသည် ယင်း၏ IITsများကို ပြန်လည်သုံးသပ်ခြင်း၊ ၎င်းတို့ထဲမှများစွာတို့ကို ရပ်စဲပစ်ခြင်းနှင့် ယင်း၏ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေမူကြမ်း နှင့်ပတ်သက်ပြီး ပြည်သူ့ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်စတင်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းဥပဒေမူကြမ်းသည် IITsများတွင် ပါ ဝင်မည့်အချို့သောကိစ္စရပ်များကို ထိန်းချုပ်မည့် အမျိုးသားဥပဒေဖြစ်ပါသည်။[၁၁]

အခြားနေရာများတွင်လည်းအရပ်ဘက်လူမှုအဖွဲ့အစည်း များကလည်း ပြည်သူ့စုံစမ်းစစ်ဆေးမှုနှင့်အခြေအတင်ဆွေးနွေး ပွဲများအတွက် ကဏ္ဍများလည်း ဖွင့်လှစ်ဆောင်ရွက်လာနေကြပြီဖြစ်ပါသည်။ ဥပမာ – ထိုင်းနိုင်ငံတွင် အမျိုးသားအရပ် ဘက်လူမှုအဖွဲ့အစည်းများညွန့်ပေါင်းအဖွဲ့သည် ဥပဒေပြုသမဂ္ဂအဖွဲ့နှင့် အဆိုပြုထားသော ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်တစ်ခုနှင့်ပတ်သက်သော ပြည်သူ့ဆွေးနွေးပွဲဖြစ်ပေါ်ရေး ဆောင်ရွက်ရာတွင် အရေးပါသောအခန်း ကဏ္ဍမှပါဝင်ဆောင်ရွက်ခဲ့ပါသည်။[၁၂]

တဖန် IITsများနှင့်ပတ်သက်၍ ပြည်သူ့ညှိနှိုင်းဆွေးနွေးမှုမြင့်တင်ရန် အစိုးရနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်းတို့၏ကြိုး ပမ်းအားထုတ်မှုများမှရရှိလာသော သင်ခန်းစာများကိုလည်း လေ့လာနိုင်ပါသည်။ သို့သော် နိုင်ငံများအားလုံးက ဆောင်ရွက်မှုနည်းလမ်းများကို ပြောင်းလဲလာကြသည်မဟုတ်ဘဲ နိုင်ငံများစွာတို့က ရင်းနှီးမြှုပ်နှံသူအကာအကွယ်ပေးရေးနှင့်ပတ် သက်ပြီး ဝေဝါးသော့ အရည်အသွေးမပြည့်မီသောစံနှုန်းများဖော်ပြထားသည့် IITsများကို ဆက်လက် လက်မှတ်ရေး ထိုးဆောင်ရွက်နေကြဆဲဖြစ်ကြောင်းကိုလည်း မှတ်သားထားရန်အရေးကြီးပါသည်။ ထို့အပြင် များစွာသောသဘောတူစာချုပ်များကို ပြည်သူ့ညှိနှိုင်းဆွေးနွေးမှုရှိရန်မဆိုထားနှင့် ပွင့်လင်းမြင်သာမှုနှင့်ပြည်သူ့စောင့်ကြည့်လေ့လာမှုတို့ပင် မရှိဘဲ ဆက်လက်ညှိနှိုင်းဆွေးနွေး လုပ်ဆောင်နေကြဆဲဖြစ်သည်။

## ကောင်းမွန်စွာကြံဆထားသော စွမ်းရည်ပံ့ပိုးပေးမှုနှင့်စနစ်ကျနသောနည်းလမ်းတို့လိုအပ်ပါသည်–

IITsများနှင့်ပတ်သက်၍ ၎င်းတို့၏မူဝါဒရွေးချယ်မှုများပြုလုပ်ရေးအတွက် စဉ်းစားဆောင်ရွက်ရာတွင် နိုင်ငံများအနေ ဖြင့် စနစ်ကျနသောနည်းမလမ်းတစ်ခုဖြင့် ဆောင်ရွက်သင့်ပါသည်။ IITsများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက် ၍ပြဿနာများအားလုံးကို ဖြေရှင်းဆောင်ရွက်မပေးနိုင်ပါ။ ထို့ကြောင့် IITsများနှင့်အခြားဥပဒဆိုင်ရာစာချုပ်စာတမ်း ကြားတွင် ကောင်းမွန်သော ရှင်းလင်းတိကျမှုရှိသည့်ထုတ်ဖော်ပြောဆိုမှုရှိရန်လိုအပ်ပါသည်။ ဥပမာ – နိုင်ငံတော်ဥပဒေ သည် လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုဆန်းစစ်ချက်များ လိုအပ်ပါသည်။

ဥပမာ – နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကြောင့် ထိခိုက်ခံစားရနိုင်သည့် ပြည်သူများ၏ အခွင့်အရေးများကို ခိုင်မာအောင်တည် ဆောက်ပေးခြင်းမရှိဘဲ သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာသွင်ပြင်လက္ခဏာရပ်များကို ကောင်းမွန်စွာထိန်းသိမ်းဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် ထိရောက်သောအကာအကွယ်ပေးမှုစနစ်များပေးအပ်ခြင်း သည် ဟန်ချက်မညီသောဥပဒေမူဘောင်များကို ဖန်တီးဖြစ်ပေါ်စေပြီး၊ ယင်းတို့သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ကို မြှင့်တင်ပေးရန် ဖြစ်နိုင်ခြေမရှိပါ။

စနစ်ကျနမှုရှိသောနည်းလမ်းတစ်ခုဖြစ်ပေါ်ရေးအတွက် နောက်ထပ်အရေးကြီးသောအကြောင်းအရင်းတစ်ခုမှာ IITsအ များစုတွင်ပါဝင်သော ခွဲခြားဆက်ဆံမှုမရှိစေရေးဆိုင်ရာပြဋ္ဌာန်းချက်များ၏အကျိုးသက်ရောက်မှုကို အဆင့်မြှင့်တင်ပေးခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုအားအကာအကွယ်ပေးမှုကို မူဝါဒရေးရာကိစ္စရပ်နှင့်ဟန်ချက်ညီအောင်ဆောင်ရွက်ပေး သော IITတစ်ခုတွင် အကျိုးဝင်သော ရင်းနှီးမြှုပ်နှံသူများက ရင်းနှီးမြှုပ်နှံသူများအပေါ် ပိုမို၍အခွင့်အရေးပေးနိုင်သော အခြားစာချုပ်များအပေါ် မှီခိုအားထားမှုပြုလုပ်နိုင်လျှင် ပိုမို၍ဟန်ချက်ညီအောင်ရေးသားထားမှု၏ အကျိုးကျေးဇူးများ သည် နည်းပါးသွားပါသည်။ IITsများကိုညှိနှိုင်းဆွေးနွေးသော တိုင်းပြည်များသည် သဘောတူစာချုပ်တစ်ခုတွင်ပါဝင် သော စံနှုန်းများသည် အခြားစာချုပ်များတွင်ပါဝင်သောပြဋ္ဌာန်းချက်များအား မည်သို့ထိခိုက်နိုင်ခြေရှိသည် သို့မဟုတ် ယင်းတို့ကြောင့် မည်သို့ထိခိုက်မှုခံစားရနိုင်ခြေရှိသည်တို့ကို အစဉ်အမြဲ ထည့်သွင်းစဉ်းစားသင့်ပါသည်။

ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှုစွမ်းရည်ပိုင်းတွင် အဓိကကွာခြားချက်များရှိခြင်းကြောင့် ဝင်ငွေနိမ့်ကျသောတိုင်းပြည်များ တွင် စွမ်းရည်ပံ့ပိုးမှုကဏ္ဍ၌ စဉ်ဆက်မပြတ်ရင်းနှီးမြှုပ်နှံမှု လိုအပ်ပါသည် – အစိုးရများအတွက် အချက်အလက်ပြည့်ဝ စွာဖြင့် မူဝါဒရွေးချယ်မှုများပြုလုပ်ရန်နှင့် ပိုမိုကောင်းမွန်သောညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန်၊ လွှတ်တော်ကိုယ်စားလှယ် များနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် ထိရောက်သော 'အပြန်အလှန်စစ်ဆေးထိန်းကျောင်းမှုစနစ်များ' ဖြည့်ဆည်းပေးရန် နှင့် တည်ရှိနေသည့်ပြည်တွင်းထုတ်လုပ်သူများဆိုင်ရာအဖွဲ့အစည်းများအတွက် အဆိုပြုထားသော IITsများမှ အကျိုးအမြတ်ရရှိမှု သို့မဟုတ် ဆုံးရှုံးမှုများကို တွက်ချက်ဆောင်ရွက်နိုင်ရန်တို့ဖြစ်ပါသည်။

စွမ်းရည်ပံ့ပိုးမှုသည် IITsများ၏ပါဝင်သောအကြောင်းအရာနှင့်ဆက်နွှယ်မှုရှိနိုင်ပါသည်။ ဥပမာ – ဝင်ငွေနည်းပါးသော တိုင်းပြည်များတွင် နမူနာစံပြရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ၏ဖွံ့ဖြိုးတိုးတက်မှုနှင့်တွဲဖက်ပါဝင်နိုင်ပါသည်။ သို့သော် ယင်းသည် တိုင်းပြည်တစ်ခုအနေဖြင့် IITsများချုပ်ဆိုသင့်မသင့်ဆိုသည်နှင့် မည်သည့်အသုံးအနှုန်းစည်းကမ်းသတ်မှတ် ချက်များအရဆောင်ရွက်သင့်သည်တို့နှင့်ပတ်သက်၍ တိုင်းပြည်အတွင်းသက်ဆိုင်သူမျိုးစုံတို့ပါဝင်သည့် ဆွေးနွေးပွဲအတွက် ပံ့ပိုးမှုပေးခြင်းလည်းပါဝင်နိုင်ပါသည်။

ထို့ပြင် စွမ်းရည်ပံ့ပိုးမှုတွင် နိုင်ငံတကာရှိအကောင်းဆုံးကျင့်စဉ်များမှလေ့လာသင်ယူခြင်း၊ ဝင်ငွေနိမ့်ကျသောတိုင်းပြည်တို့ ရှိ အစိုးရအဖွဲ့များကြား နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကြား အချင်းချင်း သင်ခန်းစာများ ဖလှယ်ခြင်း၊ တိုင်းပြည် အတွင်းရှိ လက်ရှိစွမ်းရည်ကို ထိရောက်စွာအသုံးချနိုင်သည့်အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း (ဥပမာ – ပညာရပ် နယ်ပယ် သို့မဟုတ် ပုဂ္ဂလိကကဏ္ဍ လက်တွေ့ဆောင်ရွက်မှုတို့တွင်ရှိသော)၊ နှင့် နိုင်ငံတကာရှိ အဆင့်မြင့်ဌာနများနှင့် မဟာ ဗျူဟာမြောက်မိတ်ဖက်ဆောင်ရွက်ခြင်း စသည်တို့ပါဝင်ပါသည်။

**Lorenzo Cotula**

လော်ရန်ဇို ကိုကျူလာသည် IIEDတွင် ဥပဒေနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကသုတေသနပညာရှင် တစ်ဦးဖြစ်ပြီး၊ IIED တွင် Legal Tools Team ကို ဦးဆောင်ပါသည်။ www.iied.org/users/lorenzo-cotula.

**ရင်းနှီးမြှုပ်နှံမှု စာချုပ်များနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး ရှင်းလင်းချက်များ**

ဤတင်ပြချက်သည်လေးခုတွဲတင်ပြချက်ထဲမှ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသဘောတူစာချုပ်များ နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးမှုကို မြှင့်တင်ပေးရန်ရည်ရွယ်ပါသည်။ ဤတင်ပြချက်တွင် အောက်ပါခေါင်းစဉ်များ ပါဝင်ပါသည် –

**ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဖြေလျှော့မှုပေးခြင်း** http://pubs.iied.org/17239BIIED

**နှီးမြှုပ်နှံမှုဆိုင်ရာကာကွယ်စောင့်ရှောက်မှုပေးခြင်း** http://pubs.iied.org/17240BIIED

**ရင်းနှီးမြှုပ်နှံသူနှင့်နိုင်ငံတော်ကြား ခုံသမာဓိဖြန်ဖြေခြင်း** http://pubs.iied.org/17241BIIED

တင်ပြချက်များသည်လော်ရန်ဇို ကိုကျူလာ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ဥပဒေနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု – စိုက်ပျိုးရေးနှင့်သယံဇာတတွင်းထွက်တူးဖော်ရေးလုပ်ငန်းများဆိုင်ရာလက်စွဲစာအုပ်၊ လန်ဒန်ရူးဒီယ http://pubs.iied.org/17513IIED ကို အခြေခံထားခြင်းဖြစ်ပါသည်။

## ဗဟုသုတထုတ်လုပ်ဖြန့်ဝေမှုများ

သဘာဝပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနိုင်ငံတကာအင်စတီကျူသည် ဒေသန္တရဆိုင်ရာဦးစားပေးလုပ်ငန်းများကို ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများနှင့်ချိတ်ဆက်လျှက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ဆောင်ရွက်ပေးပါသည်။ ကျွန်ုပ်တို့သည် ကမ္ဘာပေါ်ရှိ တန်ဖိုးအရှိဆုံးပြည်သူအချို့အား ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင် ၎င်းတို့ပါဝင် ဆွေးနွေးဆောင်ရွက်နိုင်မှုကို ခိုင်မာအားကောင်းစေရန် ကူညီပံ့ပိုးမှုပေးပါသည်။

**လော်ရန်ဇို ကိုကျူလာ၊**
Lorenzo Cotula
lorenzo.cotula@iied.org

80–86 Grays Inn Road
London, WC1X 8NH
United Kingdom

Tel: +44 (0)20 3463 7399
Fax: +44 (0)20 3514 9055
www.iied.org

IIED welcomes feedback via: @IIED and www.facebook.com/theiied

ဤသုတေသနကို UK အစိုးရအဖွဲ့အတွင်းရှိ UK aid က ငွေကြေးထောက်ပံ့မှုပေးပါသည်။ သို့သော် တင်ပြထားသော အမြင်များသည် UKအစိုးရအဖွဲ့၏အမြင်များကို ကိုယ်စားပြုဖော်ပြခြင်းမဟုတ်ပါ။

UKaid
from the British people

## မှတ်ချက်

[1] ဖော်ပြပါ လေ့လာမှုများကို ဥပမာအနေနှင့်ကြည့်ပါ Sauvant, KP and Sachs, L (eds) (2009) The effect of treaties on foreign direct investment: bilateral investment treaties, double taxation treaties, and investment flows. Oxford University Press / [2] Yackee, JW (2010) How much do US corporations know (and care) about bilateral investment treaties? Some hints from new survey evidence. Columbia FDI Perspectives No. 31. https://tinyurl.com/kun4w7e / [3] Perry, AJ (2000) The relationship between legal systems and economic development: integrating economic and cultural approaches. *Journal of Law and Society* 29(2): 282-307 / [4] United Nations Conference on Trade and Development (2012) World investment report 2012: towards a new generation of investment policies. http://unctad.org/en/Pages/DIAE/World%20Investment%20Report/WIR2012_WebFlyer.aspx / [5] Sauvant, KP and Sachs, L (2012) Overview. In: Sauvant, KP and Sachs, L (eds) (2009) *The effect of treaties on foreign direct investment: bilateral investment treaties, double taxation treaties, and investment flows.* Oxford University Press / [6] Akyüz, Y (2008) Global Rules and Markets: Constraints over policy autonomy in developing countries. International Labour Office, Geneva. https://tinyurl.com/pzjhuz3 / [7] Figures from: UNCTAD (2012) World investment report 2012: towards a new generation of investment policies (see note 4 above); and UNCTAD (2013) World investment report 2013: global value chains: investment and trade for development. http://unctad.org/en/PublicationsLibrary/wir2013_en.pdf / [8] Southern African Development Community Model BIT Template 2012. www.iisd.org/itn/wp-content/uploads/2012/10/SADC-Model-BIT-Template-Final.pdf / [9] UNCTAD (2012) Investment policy framework for sustainable development. http://unctad.org/en/PublicationsLibrary/webdiaepcb2012d6_en.pdf. See also Mann, H *et al.* (2005) Model international agreement on investment for sustainable development: Negotiators handbook. 2nd edition. IISD. www.iisd.org/publications/pub.aspx?pno=686 / [10] See the online consultation at http://trade.ec.europa.eu/consultations/index.cfm?consul_id=179 / [11] See Invitation for the public to comment on the promotion and protection of investment bill 2013. www.gov.za/documents/download.php?f=203446 / [12] Polack, E *et al.* (2014) Agricultural investments in Southeast Asia: Legal tools for public accountability. IIED, London. http://pubs.iied.org/12573IIED